တရားမဆိုင်ရာ (စီရင်ချက်ပုံစံ) ၁၇။

အမြန်

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## ၂၀၁၅ ခုနှစ်၊ တရားမအထွေထွေလျှောက်ထားမှုအမှတ် ၁၅၂

Mr. Kuan Howard Huai-Chih
(၎င်း၏အခွင့်ရကိုယ်စားလှယ်ဒေါ်ဝင်းဝင်းမြင့်)

နှင့်

၁။ ခုံသမာဓိကောင်စီ
ရုံးအမှတ် (၅၁)၊ နေပြည်တော်
၂။ ခုံသမာဓိအဖွဲ့
အမှတ် ၆ (က)၊ သံလျက်စွန်းလမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃။ ဦးထွန်းမင်းလတ်
၄။ ဦးရဲသူရ
၅။ ဒေါ်လွင်လွင်မာ
၆။ ဒေါ်နီလာဝင်း
၇။ ဒေါ်ဝေမာဦး
၈။ ဒေါ်ကျော့မေလွင်
၉။ ဒေါ်အိသက်မွန်

လျှောက်ထားသူ — လျှောက်ထားခံရသူများ

လျှောက်ထားသူအတွက် - ဦးအေးသီ၊ တရားလွှတ်တော်ရှေ့နေ

### အမိန့်

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ မတ်လ ၂၂ ရက်

လျှောက်ထားသူ Mr. Kuan Howard Huai-Chih (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ဝင်းဝင်းမြင့်) က ခုံသမာဓိကောင်စီ ပါ - ၉ ဦးအပေါ် အမှုခေါ်စာချွန်တော်အမိန့် ထုတ်ဆင့်ပေးရန် လျှောက်ထားခြင်းဖြစ်သည်။

လျှောက်ထားသူမှတင်သွင်းသော လျှောက်ထားလွှာ နှင့် ကျမ်းကျိန်လွှာတို့အရ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန် (၄)၊ မြဝတီမင်းကြီးလမ်း၊ အမှတ် (၁၆ / ၁၈) ရှိ Mr. Kuan Howard Huai-Chih ပိုင်သော North Shore အထည်ချုပ်စက်ရုံသည် နိုင်ငံခြားသားပိုင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဖြစ်ပြီး လုပ်သားအင်အား ၁၃၃၂ ဦးဖြင့် လည်ပတ်လုပ်ကိုင်နေကြောင်း၊ နိုင်ငံတော်

ငြိမ်းငြိမ်းထွန်း
အခွင့်ရအရာရှိ

မှ အနည်းဆုံးအခကြေးငွေသတ်မှတ်သဖြင့် အဆိုပါနှုန်းအတိုင်းလုပ်ခလစာတွက်၍ ထုတ်ပေးရာ အခြေခံလုပ်ခမြင့်တက်သွားကြောင်း၊ အခြားခံစားခွင့်အားလုံးမပေးနိုင်တော့၍ အလုပ်သမားများက တောင်းဆိုကြကြောင်း၊ အလုပ်ရှင်က မလိုက်လျောနိုင်သည့်အခါ ခေါင်းဆောင်များဦးဆောင်၍ ဆူပူမှုဖန်တီးခြင်း၊ ဆန္ဒပြရာတွင် မပါသောအလုပ်သမားများကို ခြိမ်းခြောက်ခြင်း၊ နည်းမျိုးစုံနှင့်ဟန့်တား၍ စက်ရုံတွင် ဆုံးရှုံးမှုများလာကြောင်း၊ ထိုဖြစ်ရပ်ကြောင့် ထုတ်လုပ်မှုနှင့်ကုန်ကျစရိတ်ထိန်းညှိ၍ မရတော့ဘဲ ထိခိုက်နစ်နာလာ၍ စက်ရုံတွင် မလိုအပ်တော့သော အကျိုးကိုထိပါးစေသော အလုပ်သမား ၂၀၄ ဦးကို ဥပဒေနှင့်အညီ အလုပ်ရပ်နားမှုနစ်နာကြေးပေး၍ အလုပ်ရပ်နားခဲ့ကြောင်း၊ လုပ်သား ၁၆၁ ဦးသည် ခုံသမာဓိအဖွဲ့သို့ တင်ပြစဉ်ကလည်းကောင်း၊ ၁၉ ဦးသည် ခုံသမာဓိကောင်စီက အမိန့်ချမှတ်ပြီးချိန်တွင်လည်းကောင်း အလုပ်ရပ်စဲမှုနစ်နာကြေးယူ၍ ယခုအခါတောင်းဆိုသူ ၂၄ ဦးသာကျန်ရှိတော့ကြောင်း၊ လုပ်ငန်းလိုအပ်ချက်အရ အလုပ်သမားလျှော့ချခြင်းဖြစ်ပြီး ဥပဒေနှင့်အညီ နစ်နာကြေးပေးခဲ့ကြောင်း၊ ယင်းသို့လျှော့ချရာတွင် အခြေခံအလုပ်သမားအဖွဲ့အစည်းဝင်ဖြစ်ခြင်း၊ အမှုဆောင်ဖြစ်ခြင်းပေါ်တွင် အခြေခံစဉ်းစားခြင်းမဟုတ်ကြောင်း၊ ခုံသမာဓိအဖွဲ့နှင့်ခုံသမာဓိကောင်စီသည် အလုပ်သမားများအား လူမှုရေးတရားမျှတမှု စာနာစိတ်တစ်ခုတည်းဖြင့် စဉ်းစားဆုံးဖြတ်ပြီး အလုပ်သမားတို့ထံ အလုပ်သမားအဖွဲ့အစည်းဥပဒေချိုးဖောက်ခဲ့ခြင်းကို စဉ်းစားသုံးသပ်မှုမပြုခဲ့ကြောင်း၊ အလုပ်ခွင်စည်းကမ်းတွင်ပါရှိသော အလုပ်သမားများလိုက်နာရမည့်တာဝန်ဝတ္တရားလိုက်နာရမည့်စည်းကမ်းကို ချိုးဖောက်ကြောင်း၊ အလုပ်သမား ၅ ဦးသည် ပြစ်မှုမကင်းသောလုပ်ရပ်ကြောင့် လှိုင်သာယာမြို့နယ် ရဲစခန်းတွင် အမှုဖွင့်ထားကြောင်း၊ အလုပ်ရှင်နှင့်အလုပ်သမားအများစု၏ဘဝရှင်သန်ရေးအတွက် လုပ်ငန်းခွင်အံကျသူများကိုချန်လှပ်ပြီး အကျိုးထက်အဆိုးများသူများကိုဖယ်ရှားခြင်းဖြစ်ကြောင်း၊ ဖယ်ရှားခံရသူများကို လုပ်ငန်းခွင်တွင် ပြန်ခန့်ပေးရန် အဆုံးအဖြတ်ပြုသည့် ခုံသမာဓိအဖွဲ့နှင့် ခုံသမာဓိကောင်စီ ဆုံးဖြတ်ချက်သည် တရားဥပဒေနှင့်ညီညွတ်ခြင်းမရှိကြောင်း လုပ်ငန်းခွင်ငြိမ်းချမ်းရေးကို ဖရိုဖရဲဖြစ်စေကြောင်း၊ အလုပ်ရှင်နှင့်လက်တွဲဖော်အလုပ်သမား ၁၁၀၀ ၏ လုပ်ငန်းခွင်တည်မြဲရေးအတွက် ကြီးမားသောအန္တရာယ်ဖြစ်၍ ခုံသမာဓိအဖွဲ့နှင့်ခုံသမာဓိကောင်စီ၏အမိန့်ကို စာချွန်တော်အမိန့် ထုတ်ဆင့်ပယ်ဖျက်ပေးပါရန် ဖော်ပြလျှောက်ထားသည်။

ရိုးရိုးမိတ္တူ။

လျှောက်ထားလွှာ နှင့် ကျမ်းကျိန်လွှာအရ လျှောက်ထားသူပိုင်သော North Shore အထည်ချုပ်စက်ရုံသည် နိုင်ငံခြားသားပိုင်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဖြစ်ပြီး လုပ်သားအင်အား ၁၃၃၂ ဦးရှိကြောင်း တွေ့ရသည်။ ၄-၉-၂၀၁၅ ရက်စွဲဖြင့် လျှောက်ထားသူက လှိုင်သာယာမြို့နယ်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနရုံး၊ ဦးစီးအရာရှိထံသို့ ဝန်ထမ်းအင်အားလျှော့ချမည်ဖြစ်ကြောင်း အစီရင်ခံစာပေးပို့ခဲ့သည်။ အဆိုပါအစီရင်ခံစာတွင် အလုပ်သမားများ၏ ကြိုးစားအားထုတ်မှုနည်းခြင်း၊ အလေးထားဆောင်ရွက်မှုမရှိခြင်းကြောင့် ကုန်ကြမ်းများ မှားယွင်းဖြတ်တောက်ခြင်း၊ အထည်များအရည်အသွေးမမီ၍ မူလတန်ဖိုးပေးလျော်ရခြင်း၊ အရည်အသွေးမမီ၍ အော်ဒါအသစ်အပ်နှံမှုနည်းပါးခြင်း၊ အလုပ်ပျက်ကွက်မှုများခြင်း၊ လုပ်သားစွမ်းရည်မပြည့်ဝခြင်း၊ ကုန်ထုတ်စွမ်းအားမပေးစွမ်းနိုင်ခြင်းကြောင့် ပိုနေသောဝန်ထမ်းအင်အား ၂၀၀ ကို ၉-၉-၂၀၁၅ ရက်နေ့တွင် နစ်နာကြေးပေး၍ လျှော့ချမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

စက်ရုံမှဝန်ထမ်း ၂၀၄ ဦးကိုအလုပ်ရပ်စဲ၍ အလုပ်သမားများကိုယ်စားအခြေခံအလုပ်သမားအဖွဲ့အစည်းမှ ဦးထွန်းမင်းလတ် ပါ - ၇ ဦးက အလုပ်ပြန်ခန့်ပေးပါရန် လှိုင်သာယာမြို့နယ်၊ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တင်ပြခဲ့သည်။ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းရာ ပြေငြိမ်းမှုမရ၍ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ် ၇၇ / ၂၀၁၅ ဖြင့် ကြားနာစစ်ဆေးဆုံးဖြတ်ခဲ့ကြောင်း ပူးတွဲတင်ပြထားသည့် ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်အရ တွေ့ရသည်။

ငြိမ်းငြိမ်းထွန်း
အခွင့်ရအာမှုရှိ

ခုံသမာဓိအဖွဲ့မှ အလုပ်ရပ်စဲရာတွင် အခြေခံအလုပ်သမားအဖွဲ့အစည်းမှ အလုပ်အမှုဆောင် ၆ ဦးပါဝင်သည်မှာ မဖြစ်သင့်ကြောင်း သုံးသပ်ခဲ့သည်။ ဝန်ထမ်းအင်အားလျှော့ချခဲ့သော အလုပ်သမား ၂၀၄ ဦးအနက် အလုပ်ရပ်စဲမှုနစ်နာကြေးထုတ်ယူပြီးသောသူများမှအပ ကျန်အလုပ်သမားများကို မူလရာထူးနေရာ၊ လစာတွင် လုပ်သက်မပြတ်နှင့် ဆုံးဖြတ်သည့်ရက်မှ ၇ ရက်အတွင်း အလုပ်ပြန်ခန့်ရန် ၃၀-၉-၂၀၁၅ ရက်နေ့တွင် ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။

ခုံသမာဓိအဖွဲ့၏ဆုံးဖြတ်ချက်ကို လျှောက်ထားသူက မကျေနပ်၍ ခုံသမာဓိကောင်စီသို့ ၂၀၁၅ ခုနှစ် အငြင်းပွားမှုအမှတ် ၄၇ ဖြင့် လျှောက်ထားရာ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို အတည်ပြုခဲ့သည်။

ခုံသမာဓိကောင်စီသို့ လျှောက်ထားလွှာတင်သွင်းစဉ်က အလုပ်ရပ်စဲသော အလုပ်သမား ၂၀၄ ဦးအနက် ၁၆၁ ဦးသည် အလုပ်ရှင်မှ ထုတ်ပေးသော အလုပ်ထုတ်နစ်နာကြေး၊ နို့တစ်ကြေးရယူပြီးဖြစ်၍ အင်အားအလျှော့ခံအလုပ်သမား ၄၃ ဦးသာကျန်ရှိကြောင်း၊ ခုံသမာဓိကောင်စီ၏ ဆုံးဖြတ်ချက်တွင် ဖော်ပြထားသည်။

လျှောက်ထားသူက အလုပ်ရပ်စဲသော အလုပ်သမားများအား အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေများ ၂ (ခ) နှင့်အညီ နစ်နာကြေးများပေးခဲ့ကြောင်း လျှောက်ထားလွှာနှင့်အတူ ပူးတွဲတင်ပြထားသည့် အလုပ်ရပ်စဲခဲ့သော အလုပ်သမားများ၏နစ်နာကြေး၊ နို့တစ်ကြေးနှင့် လုပ်ခကျန်ငွေထုတ်ပေးသည့်ဇယားများအရ တွေ့ရသည်။

ခုံသမာဓိကောင်စီမှ ဆုံးဖြတ်ချက်ချမှတ်ပြီးနောက် ကျန်ရှိသောအင်အားလျှော့ချခြင်းခံရသည့် အလုပ်သမား ၄၃ ဦးအနက် ၁၉ ဦးသည် အလုပ်ရှင်မှ ထုတ်ပေးသော နစ်နာကြေးရယူပြီးဖြစ်၍ အလုပ်ပြန်ခန့်ရန်တောင်းဆိုသူ ၂၄ ဦးသာ ကျန်ရှိကြောင်း လျှောက်ထားလွှာအရ တွေ့ရသည်။

လျှောက်ထားသူမှ အလုပ်ရပ်စဲမှုနစ်နာကြေးထုတ်ယူပြီးသူမှအပ ကျန်အလုပ်သမားများကို အလုပ်ပြန်ခန့်ရန် ဆုံးဖြတ်ခဲ့သော ရန်ကုန်တိုင်းခုံသမာဓိအဖွဲ့နှင့် ခုံသမာဓိကောင်စီ၏ဆုံးဖြတ်ချက်သည် လုပ်သားထုအတွင်း မငြိမ်းချမ်းသော လုပ်ငန်းခွင်အဖြစ် တည်ဆောက်ပေးလိုက်သကဲ့သို့ဖြစ်ပြီး လုပ်ငန်းခွင်တည်ငြိမ်ရေးအတွက် အန္တရာယ်ရှိ၍ စာချွန်တော်အမိန့် ထုတ်ဆင့်ပယ်ဖျက်ပေးပါရန် လျှောက်ထားသည်။

လျှောက်ထားလွှာ နှင့် ကျမ်းကျိန်လွှာတွင် ခုံသမာဓိအဖွဲ့နှင့် ခုံသမာဓိကောင်စီသည် အလုပ်ရှင် နှင့် အလုပ်သမားဆက်ဆံရေးကောင်းမွန်စေရန် အငြင်းပွားမှုကို ဥပဒေနှင့်အညီ ညှိနှိုင်းဖြေရှင်းနေစဉ်အတွင်းဆန္ဒပြခြင်း၊ သပိတ်မှောက်ခြင်းမပြုရန်၊ အလုပ်သမားအဖွဲ့ချုပ်၊ အလုပ်ရှင်နှင့်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ခွင့်ပြုချက်ရယူခဲ့ခြင်းမရှိဘဲ သပိတ်မှောက်ခြင်းမပြုရန် စသည့်အလုပ်သမားများ၏ဥပဒေချိုးဖေါက်မှုကို လုံးဝစဉ်းစားသုံးသပ်ခဲ့ခြင်းမရှိကြောင်း ဖော်ပြထားသည်။

အလုပ်သမားများက ခွင့်ပြုချက်ရယူခြင်းမရှိဘဲ သပိတ်မှောက်ခြင်း၊ ဥပဒေနှင့်အညီ ညှိနှိုင်းဖျန်ဖြေနေစဉ်အတွင်း ဆန္ဒပြခြင်း၊ သပိတ်မှောက်ခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်းနှင့်စပ်လျဉ်း၍ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ထံ တင်ပြရာတွင်လည်းကောင်း၊ ခုံသမာဓိအဖွဲ့အငြင်းပွားမှုအမှတ် ၇၇ / ၂၀၁၅ တွင် ချေပလွှာပေးပို့စဉ်ကလည်းကောင်း၊ ခုံသမာဓိကောင်စီသို့ လျှောက်ထားလွှာတင်သွင်းရာတွင်လည်းကောင်း ဖော်ပြထားခြင်းမရှိပေ။

ခိုးရိုးမိတ္တူ။

၁၄/၆/၂၀၁၆
ငြိမ်းငြိမ်းထွန်း
အဆင့်(၅)ရုံး

လျှောက်ထားသူမှ လျှောက်ထားလွှာနှင့်ကျမ်းကျိန်လွှာတွင် ကျန်လုပ်သား ၂၄ ဦးကို အလုပ်ပြန်ခန့်ရန် လုံးဝမဖြစ်နိုင်ကြောင်း၊ ၎င်းတို့သည် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ် လက်မှတ်ရေးထိုးထားသူများဖြစ်ပြီး အလုပ်သမားများလိုက်နာရမည့်တာဝန်ဝတ္တရားအပိုဒ်ခွဲ ၁၄ (ဂ) ၏ (၁)(၂) (၃) စည်းကမ်းချက်၊ ဝန်ထမ်းများလိုက်နာသိရှိစေရန် စည်းကမ်းချက် (၁) ၏ (က) (ဃ) (ဆ) (ဇ) စည်းကမ်းချက် (၂) ၏ (ခ) ( စ) (ဃ) တို့ကို ချိုးဖေါက်ထားကြောင်း ၎င်းတို့ထဲမှ ဦးထွန်းမင်းလတ်၊ ဦးရဲသူရ၊ ဒေါ်လွင်လွင်မာ၊ ဦးအောင်မြင့်မြတ်၊ ဦးထက်နေလင်းတို့သည် လှိုင်သာယာရဲစခန်းတွင် ရာဇသတ်ကြီးပုဒ်မ ၂၉၄၊ ၃၄၁၊ ၄၂၇၊ ၅၀၆ အရ အမှုဖွင့်ခံထားရကြောင်း ဖော်ပြထားသည်။

သို့ရာတွင် အလုပ်သမား ၂၄ ဦးအနက် မည်သူ၏ဖျက်ဆီးမှုကြောင့် စက်ရုံပစ္စည်းပျက်စီးမှု ဖြစ်ရကြောင်း၊ တန်ဖိုးမည်မျှဆုံးရှုံးကြောင်းနှင့် စက်ရုံစည်းကမ်းချိုးဖေါက်မှုအတွက် ဝန်ခံကတိလက်မှတ် ရေးထိုးထားကြောင်း အထောက်အထားများ တင်ပြထားသည်ကို မတွေ့ရပေ။

North Shore အထည်ချုပ်စက်ရုံမှ အင်အားလျှော့ချသည့်အလုပ်သမား ၂၀၄ ဦးရှိရာ အလုပ်ရပ်စဲမှု နစ်နာကြေးမယူရသေးသော အလုပ်သမား ၂၄ ဦးကျန်ရှိကြောင်း လျှောက်ထားလွှာ၊ ကျမ်းကျိန်လွှာအရ တွေ့ရသည်။

ခုံသမာဓိကောင်စီမှ အင်အားလျှော့ချခံရပြီး နစ်နာကြေးမယူသည့် အလုပ်သမား ၄၃ ဦး အား အလုပ်ပြန်ခန့်ရန် ဆုံးဖြတ်ထားသည့်အရေအတွက်ထက်ပင် လျော့နည်းသွားကြောင်းတွေ့ရသည်။

အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးနည်းဥပဒေများ ၂၅ တွင် ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံအဖွဲ့သည် ဆုံးဖြတ်ချက်ချမှတ်ရာတွင် တည်ဆဲအလုပ်သမားဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ ဆုံးဖြတ်ချက်နှင့်သာဓကများကို အကိုးအကားပြု၍ အလုပ်ရှင်၊ အလုပ်သမားနှစ်ဖက်မျှတစေရန် အောက်ပါအတိုင်းဆောင်ရွက်နိုင်သည် -

(က) အလုပ်ရှင်မှ အလုပ်သမား၏ မူလရာထူး သို့မဟုတ် အခြားသင့်လျော်သောရာထူး တစ်ခုခုကို ပြန်လည်ခန့်အပ်စေရန်၊

(ခ) အလုပ်ပြန်လည်ခန့်အပ်စေရန် ဆုံးဖြတ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ သင့်လျော်သော ကြားကာလအတွက် နစ်နာကြေးပေးစေရန်၊

(ဂ) အလုပ်သမားများရရန်ရှိသည့် လုပ်ခလစာအပါအဝင် ငွေကြေးခံစားခွင့်များရရှိ ခံစားနိုင်စေရန်။

North Shore စက်ရုံသည် နိုင်ငံတော်က သတ်မှတ်သော အနည်းဆုံးအခကြေးငွေဖြင့် အလုပ်သမားများ၏လုပ်ခကိုတွက်၍ ထုတ်ပေးရာ အခြေခံလုပ်ခမြင့်တက်သွားသဖြင့် လုပ်သားအင်အား လျှော့ချရာတွင် လျှောက်ထားလွှာအရ လုပ်သားအင်အား ၁၈၀ လျှော့ချပြီးကြောင်း တွေ့ရသည်။ သို့ဖြစ်ရာ အင်အားလျှော့ချခံရပြီး နစ်နာကြေးမယူသည့် အလုပ်သမားများအားမူလရာထူးအတိုင်း အလုပ်ပြန်ခန့်ရန် ခုံသမာဓိအဖွဲ့နှင့် ခုံသမာဓိကောင်စီက ဆုံးဖြတ်ခြင်းသည် အလုပ်ရှင်နှင့်အလုပ်သမားနှစ်ဖက် မျှတစေရန် ဆောင်ရွက်ခြင်းဖြစ်ပြီး အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေများနှင့်အညီ ဆုံးဖြတ်ခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိသည်။

၂၂ ရုံးမတ္တ။
၁၀

၂၃/၆/၂၀၁၆
ငြိမ်းငြိမ်းထွန်း
အခွင့်ရအရာရှိ
လက်ထောက်ညွှန်ကြားရေးမှူး

အမှုခေါ်စာချွန်တော်အမိန့်သည် တရားရုံးတစ်ရုံးရုံး သို့မဟုတ် တရားစီရင်မှုသဘော သက်ဝင်သည့်ကိစ္စရပ်တစ်ခုခု၏ ဆုံးဖြတ်ဆောင်ရွက်ချက်သည် ဥပဒေနှင့်ညီညွတ်မှုတမှုမရှိကြောင်း စိစစ်တွေ့ရှိပါက ထိုဆုံးဖြတ်ဆောင်ရွက်ချက်ကို ဥပဒေနှင့်ညီညွတ်စေရန် ရေးသားထုတ်ပြန်သည့် အမိန့်စာဖြစ်သည်။

အထက်ဖော်ပြပါ သုံးသပ်ချက်များအရ လျှောက်ထားသူတင်သွင်းသည့် အမှုခေါ် စာချွန်တော်အမိန့် ထုတ်ဆင့်ပေးရန် လျှောက်ထားလွှာအပေါ် ကနဦးအမိန့်ချမှတ်ရန်အကြောင်းရှိမည် မဟုတ်ပေ။

ထို့ကြောင့် ဤတရားမအထွေထွေလျှောက်ထားမှုကို ပယ်သည်။

ပုံ/ ...

(သာဌေး)

သဘာပတိ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

တရားသူကြီး

ပုံ/ ...

(မြင့်ဟန်)

အဖွဲ့ဝင်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

တရားသူကြီး

ပုံ/ ...

(မြသိမ်း)

အဖွဲ့ဝင်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

တရားသူကြီး

ရိုးရိုးမိတ္တူ

(က) လျှောက်ထားသည့်ရက် ...၁၃-၅-၁၆

(ခ) တွက်ချက်ထားသောအခကြေးငွေကိုလျှောက်သူသို့ အကြောင်းကြားသည့်ရက် ...

(ဂ) အခကြေးငွေများပေးသွင်းပြီးနောက်အခွင့်ရအရာရှိထံ လျှောက်[illegible]ရက် ...

(ဃ) မိတ္တူထုတ်[illegible]အဆင့်ဖြစ်သောရက် ...

(င) လျှောက်သူသို့မိတ္တူထုတ်ပေးသောရက် ...

(စ) ကျသင့်သည့်အခကြေးငွေ ...၃၅၀/-

(ဆ) သက်သေခံလက်မှတ် အမှတ်စဉ်...၂၈၁၄/၁၆

မှန်ကန်ကြောင်းတာဝန်ယူသည်

ရိုးရိုးမိတ္တူ

၁၃-၅-၁၆

ငြိမ်းငြိမ်းထွန်း

အခွင့်ရအရာရှိ

လက်ထောက်ညွှန်ကြားရေးမှူး